**<u>ဒါကြောင့် ဒီနေရာကို ရထားထာ</u>**

မြို့ငယ်လေး တစ်ခုတွင် မောင်တိကျဟု လူအများ ခေါ်တွင်သည့် လူငယ်လေး တစ်ယောက် ရှိ၏၊ ပညတ်သွားရာ ဓါတ်သက်ပါ ဟူသည့် စကားအတိုင်း မောင်တိကျလေးသည် အမည်နှင့် လိုက်အောင်အောင် အရာရာတွင် အတတ်နိုင်ဆုံး တိကျ သေချာရန် ကြိုးစားတတ်သော ဓလေ့ရှိ၏။

ငယ်စဉ်ကပင် သူတစ်ပါးနှင့် ချိန်းချက် သတ်မှတ်ထားလျှင် သူ့အိမ်ရှိ ပြက္ခဒိန်ပေါ်၌ ခဲတံ သို့မဟုတ် ဘောလ်ပင်နှင့် အသေအချာ အတိအကျ မှတ်သားထားသော ဓလေ့ရှိပြီး ထိုသတ်မှတ် ချိန်းချက်ထားသည့် အတိုင်း သူ့ဘက်မှ ကတိမပျက်ရစေရန် အမြဲကြိုးစားလေ့ ရှိပြီး အခြားတစ်ဘက်မှ မတိကျ မသေချာလျှင်လည်း သူမနှစ်သက်ချေ။

သူအရွယ်ရောက် လူလားမြောက်လာသော အခါတွင် အစ္စလာမ်သာသနာသို့ ကူးပြောင်းသက်ဝင် လာခဲ့သည်၊ မည်သည့် အလုပ်ကို လုပ်သည် ဖြစ်စေ တိကျသေချာသေမှုကို နှစ်သက်သည့် မောင်တိကျသည် အစ္စာလာမ်သာသနာဝင် ဖြစ်လာသော အခါတွင်လည်း သာသနာ့ရေးအရ ဆောင်ရွက်ရမည့် တာဝန်များကို တိကျသေရှာစွာ ဆောင်ရွက် လိုစိတ်ရှိသည်။

ယခု သူသည် အစ္စလာမ်သာသနာဝင် ဖြစ်လာပြီ ဖြစ်၍၊ သူ့အိမ်သုံး ပြက္ခဒိန်အဖြစ် အစ္စလာမ်သာသနာ ပြက္ခဒိန်ကို ဝယ်ယူ၍ သုံးခဲ့ပေသည်။ ထိုပြက္ခဒိန်အား တစ်နှစ်လုံး သုံးလာသည်မှာ ဘာအခက်အခဲမှ မရှိ၊ သို့သော် ဥပုသ်သီလ စောင့်ရမည့်နေ့တွင် ပြသနာ စတက်တော့၏။

သူ့ဓလေ့အရ  ပြက္ခဒိန်ဖြင့် အလုပ်လုပ်၏၊ သူသည် အရ်ဗီ– ရမ်မသွန် လဆန်း ၁ ရက်နေ့တွင် ဥပုသ်စောင့်ရမည်ဟု သိထားသည့်အပြင် အစ္စလာမ် အသင်းပေါင်းစုံမှ ထုတ်သော ပြက္ခဒိန်အရလည်း ရမ်မသွန်လ ၁ ရက်နေ့တွင် ဥပုသ် အစနေ့ဟု ရေးထား၏၊ သို့ဖြစ်၍ ထိုနေ့တွင် သူ ဥပုသ်စောင့်လိုက်၏။ သို့သော် မိုးလင်း၍ သူအပြင်သို့ ထွက်လာသော အခါ– ရပ်ကွက်ထဲမှ မူဆလင် လူထုကြီးမှာ လ္ဘက်ရည်ဆိုင်တွင် ထိုင်သူက ထိုင်၊ ကွမ်းယာမြုံ့သူကမြုံ့နှင့်–––– သူ စပ်စုကြည့်တော့၊– မနေ့ညက “လ” မမြင်လို့တဲ့။

သူ့အနေဖြင့် မိရိုးဖလာ မူဆလင် မဟုတ်၍၊ ဤကိစ္စ၌ အငြင်းမပွားလို၊ သို့ဖြင့် နောက်တစ်ကြိမ် ဤသို့ မမှား ရစေရန်၊ ဝါကျွတ်မည့်နေ့ကို မေးကြည့်ထားမှ ဖြစ်မည်ဟု အကြံရလျှက်၊ နီးစပ်ရာ ဗလီသို့ သွား၍ ဝါကျွတ်မည့် နေ့ကို မေးကြည့်ရာ– အာရ်ဗီ ရှောင်ဝလ်လ (၁) ရက်နေ့တွင် ဝါကျွတ်မည်၊ အက် ဆွလတ်ဝတ်ပြုရမည်ဟု သိလာခဲ့၏။

သို့ဖြင့် သူ့အိမ်မှ အစ္စလာမ်သာသနာ့ ပြက္ခဒိန်အရ ရှောင်ဝါလ်လ (၁)ရက်နေ့တွင် သူ့ဘဝ၏ ပထဦးဆုံးသော အက် ဆွလတ်ကို ပြုရန် အတတ်နိုင်ဆုံး ပြင်ဆင်လျှက် ထွက်လာခဲ့၏၊ သို့သော်–––

ထိုနေ့တွင်လည်း အက်ဆွလတ်ကား ဝတ်ပြုမဖြစ်။ ဤအကြိမ်တွင် သူ့စိတ်၌ ထိမ်းမနိုင် သိမ်းမရ ပေါက်ကွဲမိချေပြီ။

“ငါကတော့– အစ္စလာမ် သာသနာကို မှန်ကန်တယ် တိကျတယ် ယုတ္တိဗေဒရှိတယ် ဆိုပြီး မြတ်မြတ်နိုးနိုးနဲ့ သက်ဝင်ယုံကြည်လာခဲ့တယ်။ အခု မူဆလင် အများစုကြီးက အပြောနဲ့ အလုပ် တက်တက်စင်လွဲနေကြပါလား၊” ဟုလည်း တွေးမိလာပေသည်။

ဤကိစ္စကို ဤအတိုင်းနေ၍ မဖြစ်၊ ပြက္ခဒိန်ထုတ်တဲ့ အိုလ်မာ (အစ္စလာမ် သာသနာ ပညာရှင်များ) အဖွဲ့ထိ ရောက်အောင် သွားပြီး တင်ပြမှ ဖြစ်မယ် ဟု ဆုံးဖြတ်လိုက်၍၊ မြို့တော်ရှိ အိုလ်မာ ရုံးစိုက်ရာသို့ ရောက်လာခဲ့ပေသည်။

အဖန်ဖန်ကြိုးစားရင်း နောက်ဆုံးတွင် အိုလ်မာ (အစ္စလာမ်သာသနာရှင်များ အဖွဲ့) ဥက္ကဌကြီးနှင့် တွေ့ခွင့်ရခဲ့၏။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထိုအခါ သူက “ဒီ ပြက္ခဒိန်ကို ဆရာကြီးတို့ ထုတ်လာ မဟုတ်ဘူးလား၊”

ဥက္ကဋ္ဌကြီး “ဟုတ်ပါတယ်၊ ဘာများဖြစ်လို့လဲ”

သူက “ဒီ ပြက္ခဒိန် မှန်– မမှန်ကို သိချင်ပါတယ်၊”

ဥက္ကဋ္ဌကြီး “ဟ– မှန်တာပေ့ါကွ၊ ဒါ ပညာရှင်တွေ ထုတ်ထားတာပဲ၊”

သူက “ဒါဆို– ဝါဝင် ဝါထွက်တွေမှာ – ဒီ ပြက္ခဒိန်တွေက၊ မှားမနေဘူးလား၊”

ဥက္ကဋ္ဌကြီး “အေး၊ အဲ့ဒါ ပြက္ခဒိန်က မှားတာမဟုတ်ဘူး၊ ငါက မှားအောင် စီစဉ်နေတာ၊”

သူက “ခင်ဗျာ” ဟု နားမလည်ဟန်ဖြင့် ပြောလိုက်သောအခါ၊

ဥက္ကဋ္ဌကြီးက သူ့အနားသို့ ကပ်လာ၍ တီးတိုးလေသံဖြင့်–

**“အလွန် တိကျ မှန်ကန်တဲ့ ဒီအစ္စလာမ် သာသနာမှာ၊ မမှန်တာတွေ လုပ်နိုင်မှ ဥက္ကဋ္ဌရာထူး မြဲတာကွ၊”** တဲ့။

ဇဝန

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com